
# တိပိဋကပါဠိပါရဂူ၊ ဓမ္မဘဏ္ဍာဂါရိက
# ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ တရားပွဲ ဖိတ်ကြားစာ



ဖွားရာဇာတိ - ဧရာဝတီတိုင်း၊ မော်ကျွန်းမြို့နယ်၊ ပန်းတောစုရွာ

မွေးနေ့ - ၁၃၂၅-ခု ပြာသိုလပြည့်ကျော် ၁၂ ရက် (၁၀-ဇန်နဝါရီ-၁၉၆၄) သောကြာနေ့

မိဘအမည် - ဦးထွန်းတင်+ဒေါ်သန်းရီ

မွေးချင်း - ၇-ဦး (သားဦး)

ရဟန်းဖြစ်ချိန် - ၁၃၄၅-ခု နတ်တော်လပြည့်ကျော် ၈-ရက်၊ (၂၇-ဒီဇင်ဘာ-၁၉၈၃)

ဥပဇ္ဈာယ်ဆရာတော် - ဘဒ္ဒန္တနန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

ရဟန်းဖြစ်ရာဌာန - မြင်းခြံမြို့ ကိုးဆောင်တိုက် ခဏ္ဍာသိမ်တော်

ရဟန်းဒါယကာ - ဦးရှိန်+ဒေါ်ပုလေး မိသားစု၊ သုခိတာဆေးလိပ်ခုံ၊ မြင်းခြံမြို့။

ကျေးဇူးရှင်ဆရာတော်များ - မော်လမြိုင်ကျွန်းမြို့နယ် မရမ်းရွာ မဟာအောင်မြေဘုံသာကျောင်း ဆရာတော်များ၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တနန္ဒဝံသ၊ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဂန္ထကာရက အဘိဓမ္မာညဝါပါရဂူ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် တိုက်အုပ် တိုက်ကြပ် စာချဆရာတော်များ၊ ကြည့်မြင်တိုင် မဟာထူပါရုံကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသာမိ၊ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီးနှင့် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်)။

တိပိဋကစာမေးပွဲ စတင်ဖြေဆို - ၁၃၄၇ (၁၉၈၅) ခုနှစ်

တိ-နိ သို့ ရောက်ချိန် - ၁၃၄၈-ခု

တိပိဋကဓရဖြစ်ချိန် - သက်တော် (၃၆)နှစ်

တိပိဋကစာမေးပွဲဝင်သက်တမ်း - ၁၅-နှစ်

အခြားဘွဲ့ထူးဂုဏ်ထူးများ - သုဓမ္မာ ပရိယတ္တိ ဓမ္မာစရိယ၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယ ပါဠိပါရဂူ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူ၊ ဒီဃနိကာယပါဠိပါရဂူ၊ အဘိဓမ္မ ပါဠိပါရဂူ၊ တိပိဋကပါဠိပါရဂူ၊ နိကာယ်သာသနာတော် ထွန်းကားရေး အသင်း၏ နိကာယ်ဆိုင်ရာ ဘွဲ့များ၊ မစိုးရိမ်ဆရာတော်ဘုရားကြီး, မင်းကွန်း တိပိဋကဓရဆရာတော်ကြီး, ခြောက်ထပ်ကြီးဆရာတော်ကြီးတို့၏ ထူးချွန်ဆု ၄-ဆု၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက။

သာသနာပြုလုပ်ငန်းများ - အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်၊ တောင်-ဒဂုံ တိပိဋကသုံးပုံ နိကာယ်စာသင်တိုက်တို့၌ စာဝါများ ပို့ချပေးခြင်း၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း၊ ဆူးလေ အဘိဓမ္မာ ပြန့်ပွားရေးအသင်း၊ မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်း၊ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်း၊ တောင်-ဒဂုံ အောင်ဗောဓိစေတီတော်၊ ရောဝတီတိုင်းအသင်း စသည်တို့၏ ဩဝါဒါစရိယ၊ အခါအားလျော်စွာ တရားဟောခြင်း။

ရေးသားပြုစုသော ကျမ်းစာများ - နည်းပြပါဠိပါရဂူ၊ ဝိနယပါဠိပါရဂူ၊ ပါရာဇိကကဏ္ဍဋီကာသာရ(ပ-ဒု)၊ ပါစိတ္တိယဋီကာသာရ၊ မဟာဝဂ္ဂဋီကာသာရ၊ စူဠဝဂ္ဂဋီကာသာရ၊ ပရိဝါရဋီကာသာရ၊ ဓမ္မသင်္ဂဏီဋီကာသာရ၊ ဝိဘင်္ဂဋီကာသာရ၊ ဓာတုကထာဒိဋီကာသာရ၊ ယမက-ပဋ္ဌာနဋီကာသာရ၊ (သုတ္တန္တ) မဟာဝဂ္ဂဋီကာသာရ၊ ပါထိကဝဂ္ဂဋီကာသာရ၊ တိပိဋကဓရစာမေးပွဲ ပုစ္ဆာပေါင်းချုပ် (ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မ)၊ ပွားများထိုက်စွာ မေတ္တာဘာဝနာ စသော တရားစာအုပ်ငယ်များ၊ ဘဝနှင့် မှတ်တမ်းများ၊ သုတဗုဒ္ဓဝင်၊ တိပိဋကဓရအရှင်မြတ်များ၏ ဖခင် ကမ္ဘာကျော် မင်းကွန်းထေရ်ရှင်။

ဝါသနာ - စာချ၊ ကျမ်းပြု၊ သမိုင်းဖြစ်ရပ်မှန်များ လေ့လာစုဆောင်းမှု၊ ဂီတအနုပညာ။

အများအကျိုးပြုလုပ်ငန်းများ - ဖွားရာဇာတိမြေ၌စေတီပုထိုးတည်၊ လျှပ်စစ်မီးအတွက် စပါးခွံမီးစက်များ တည်ပေး၊ ရွာလမ်း ခင်းပေး၊ ဘုရားတန်ဆောင်း စာသင်ကျောင်းများနှင့် သင်ထောက်ကူပစ္စည်းများ, ကျန်းမာရေးဆေးခန်း, ချောင်းကူးတံတားများ ဆောက်လုပ်လှူဒါန်း၊ ရပ်ရွာဝန်းကျင်မှ ရှင်မပြုနိုင်သည့် ကလေးသူငယ် ၁၂၀-ကျော်တို့အား ရှင်ပြုပေး၊ သက်ကြီးဘိုးဘွားများ အား လှူဒါန်းပူဇော်၊ ညီနောင်တိပိဋကဓရများနှင့် လက်တွဲ၍ စစ်ကိုင်း-မင်းကွန်းကားလမ်း ကတ္တရာခင်းမှု ဆောင်ရွက်၊ နာဂစ်မုန် တိုင်းကြီး တိုက်ခတ်ခဲ့စဉ်က ဒုက္ခသည်များအား ကူညီ ထောက်ပံ့ပေးခဲ့၊ တောင်ဒဂုံ နိကာယ်စာသင်တိုက်အတွင်း ရွှေရတု ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းနှင့် ရွှေရတုပညာဒါနစာသင်ကျောင်းများ ဖွင့်လှစ်ပေး။

ချောင်းကူးတံတားများ - ချောင်းငယ် မြောင်းငယ်များ ပေါများပြီး အသွားအလာ ခက်ခဲသော မြစ်ဝကျွန်းပေါ်ဒေသဝယ် အသွား အလာ လွယ်ကူစေရန် အသွားအလာများမှုနှင့် အသုံးဝင်မှုတို့ကို ကြည့်၍ ချောင်းကူးတံတားများကို ဆောက်လုပ် လှူဒါန်းခဲ့ပြီး ဆက်လက်၍လည်း ဆောက်လုပ် လှူဒါန်းနိုင်ရန် စီမံ စိုင်းပြင်းလျက် ရှိသည်။ ယခု လောလောဆယ် ပေ ၁၄၀-ရှည် ဇန်းမော် ချောင်းကူး (မော်တော်ကားကူး) တံတား ဆောက်လုပ်နေသလို ကားလမ်းသုံးခု (ပေ ၁၀,၀၀၀ ကျော်ရှည်)ကို ဖောက်လုပ်ပေး လျက် ရှိသည်။

ရွှေရတုကုသိုလ်ဖြစ်ဆေးခန်း - `အာရောဂျ ပရမာ လာဘာ´ဒေသနာအရ ဒကာ ဒကာမများ ကျန်းမာရေးကောင်းခြင်း အမြတ် ဆုံး လာဘ်နှင့် ပြည့်စုံနိုင်စေရန် တောင်ဒဂုံ ပိဋကသုံးပုံနိကာယ်စာသင်တိုက်အတွင်းဝယ် ၂၀၀၉-ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှ စ၍ ဖွင့်လှစ်ပေးခဲ့ရာ အငြိမ်းစား ဆရာဝန်ကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဆရာဝန်များ၊ သူနာပြုများက ကုသိုလ်ဖြစ် လာရောက် ကုသပေးကြပြီး ဒဂုံမြို့သစ်မြို့နယ်များအပြင် သဃ်္ဃန်းကျွန်း၊ သာကေတ၊ လှည်းကူးစသော မြို့နယ်များမှ မကျန်းမာ သူများ လာရောက် ကုသမှု ခံယူကြသည်။ အပတ်စဉ် စနေနေ့တိုင်း ဆေးခန်းဖွင့်လှစ် ကုသပေးရာတွင် တစ်ရက်အတွက် ဆေး ဝါး လှူဒါန်းမှု ကုန်ကျငွေမှာ ကျပ်နှစ်သိန်းခန့် ဖြစ်သည်။

ထို့ပြင် အခါအားလျော်စွာ မျက်စိဆေးခန်း၊ သွားဆေးခန်းများ ဖွင့်လှစ် ကုသပေးသလို လေးလတစ်ကြိမ် စုပေါင်း သွေးလှူဒါန်းပွဲများကိုလည်း ဦးစီး ကွပ်ကဲ ကျင်းပပေးခဲ့သည်။

ရွှေရတုပညာဒါန စာသင်ကျောင်း - ၂၀၁၀-ခု ပညာသင်နှစ်မှ စ၍ ဖွင့်လှစ်ပေးခဲ့သည်။ ဆင်းရဲနွမ်းပါး၍ ကျောင်းနေရန် အခက် အခဲရှိသော တက္ကသိုလ်ဝင်တန်း(ဒသမတန်း) ကျောင်းသူ ကျောင်းသားများအတွက် ဖွင့်လှစ်ပေးခဲ့ရာ မြန်မာစာဆရာကြီး ဦးရဲဝေ၊

သင်္ချာဆရာကြီး SS ဦးခင်မောင်အေး စသော နာမည်ကြီး ဆရာ ဆရာမကြီးများက ကုသိုလ်ဖြစ် လာရောက် သင်ကြားပေးကြပြီး၊ ကျောင်းသူ ကျောင်းသား ၃၀၀-ကျော် တက်ရောက် သင်ကြားနေကြသည်။ ကျောင်းသူ ကျောင်းသားများအတွက် စာအုပ် စာတမ်းများနှင့် လိုအပ်သော ပစ္စည်းများကို ဆရာတော်နှင့် စာသင်ပေးသူ ဆရာ ဆရာမများ၊ အလှူရှင်များက ထောက်ပံ့ လှူဒါန်း ပေးလျက် ရှိကြသည်။

အမျိုးစောင့် တွဲဖက် အကျိုးဆောင် - `ဗုဒ္ဓဘာသာ မြန်မာလူမျိုး´ဟူ၍ ရေရှည် တည်တံ့ ခိုင်မြဲနေစေရန် ၂၀၁၃-ခု ဇွန်လက ဖွဲ့စည်း တည်ထောင်လိုက်သော `နိုင်ငံတော် အမျိုး ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ကြီး´တွင် တွဲဖက် အကျိုးဆောင် ဆရာတော်အဖြစ် ပါဝင်၍ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိသည်။

ယခု သီတင်းသုံးရာ ဌာန - ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်။

🔔🔔🔔

## တရားပွဲ အစီအစဉ်

(1) နေ့ရက် - ၂၀၁၄-ခုနှစ် မေလ (၃)ရက်၊ စနေနေ့

အချိန် - ညနေ (၆) နာရီ

နေရာ - လောကချမ်းသာဘုရားကျောင်း၊ 619 Bergen Street, Brooklyn, NY 11238, (718) 622-8019

(2) နေ့ရက် - ၂၀၁၄-ခုနှစ် မေလ (၄)ရက်၊ တနင်္ဂနွေနေ့

အချိန် - မွန်းလွဲ (၁) နာရီ၊ (နံနက် ၁၁ နာရီတွင် ဆရာတော်အား စုပေါင်း နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပါမည်)

နေရာ - Nanda Thitsa Theravada Buddhism & Meditation Center, 2119 West 6th Street, Brooklyn, NY 11223, Tel: (347) 254-6434

(3) နေ့ရက် - ၂၀၁၄-ခုနှစ် မေလ (၄)ရက်၊ တနင်္ဂနွေနေ့

အချိန် - ညနေ (၅) နာရီ

နေရာ - ချမ်းမြေ့ဓမ္မမိသားစု၊ 84-32 Grand Ave, Apt 2A, Elmhurst, NY 11373, (718) 426-3959